**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အလုပ်သမားဝန်ကြီးဌာန**
**နေပြည်တော်**
**လျှောက်လွှာခေါ်ယူခြင်း**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)**

၁။ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ခန့်ထားမည့်ရာထူး/<br>လစာနှုန်းထား(ကျပ်) | ခန့်ထားမည့်<br>ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့်<br>ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု-ဦးစီးမှူး<br>(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၇ နေရာ | ဥပဒေဘွဲ့(LLB)၊<br>ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A (English)၊<br>စီးပွားရေးဘွဲ့(B.Com)၊<br>ကွန်ပျူတာဘွဲ့(B.C.Sc သို့မဟုတ် B.C.Tech သို့မဟုတ် B.SC (Computer Science)) |
| (ခ) | အငယ်တန်းစာရေး<br>(လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃၆၆ နေရာ | ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခု ရရှိရမည်။ |
| (ဂ) | ယာဉ်မောင်း-၅(အမျိုးသား)<br>(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၉ နေရာ | အခြေခံပညာအလယ်တန်း အဆင့်၊ ယာဉ်မောင်း လိုင်စင် (ခ) ရှိရမည်။ |
| (ဃ) | ရုံးအကူ<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၃၂ နေရာ | အခြေခံပညာအလယ်တန်း အဆင့် ရှိရမည်။ |
| (င) | အစောင့်(အမျိုးသား)<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၃ နေရာ | အခြေခံပညာအလယ်တန်း အဆင့် ရှိရမည်။ |
| (စ) | သန့်ရှင်းရေး/သန့်ရှင်းရေးအကူ<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၅ နေရာ | အခြေခံပညာအလယ်တန်း အဆင့် ရှိရမည်။ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ရုံးချုပ်/ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများ/ အလုပ်သမားဆေးရုံကြီးများ (ရန်ကုန်/မန္တလေး/ထန်းတပင်)/ လူမှုဖူလုံရေးဆေးခန်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဂ) အမှတ်စဉ် (က)နှင့် (ခ) လျှောက်ထားလိုသူများသည် ၃၁-၈-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်စေရ။

**(ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက် ၄၀ နှစ်ထက် မကျော်စေရ)**

(ဃ) အမှတ်စဉ် (ဂ)၊ (ဃ)၊ (င)၊ (စ) လျှောက်ထားလိုသူများသည် ၃၁-၈-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီး အသက်(၄၀)နှစ်ထက် မကျော်စေရ။

(င) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာပုံစံအား အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့ (ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ်ရုံးများတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဂ) အမှတ်စဉ်(ဂ) လျှောက်ထားသူများသည် အခြေခံပညာ အလယ်တန်းအဆင့် ပညာရေး အထောက်အထားမိတ္တူ၊ ယာဉ်မောင်းလိုင်စင်(ခ)မိတ္တူ

(ဃ) အမှတ်စဉ် (ဃ)၊ (င)၊ (စ) လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်း အဆင့် ပညာရေး အထောက်အထားမိတ္တူ

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) အိမ်ထောင်စုစာရင်း မိတ္တူ

(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဇ) လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စပို့ အရွယ် ဓါတ်ပုံ(၃)ပုံ ပူးတွဲ တင်ပြရမည်။

(ဈ) ပြန်တမ်းဝင်အရာရှိ တစ်ဦးဦး၏ ထောက်ခံချက်

၄။ အခြားအစိုးရဌာနများတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ ဝင်ရောက်ဖြေဆိုခွင့် မပြုပါ။

၅။ လျှောက်လွှာများကို ၃၁-၈-၂၀၂၁ ရက်နေ့ နောက်ဆုံးထား၍ မိမိတို့လျှောက်လွှာ ထုတ်ယူခဲ့သည့် ဦးစီးဌာန/အဖွဲ့ (ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

၆။ အမှတ်စဉ်(က)၊ (ခ) လျှောက်ထားသူများသည် အထွေထွေဗဟုသုတ/အင်္ဂလိပ်စာရေးဖြေဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများသည် ကွန်ပျူတာ၊ လူတွေ့နှုတ်ဖြေ ဖြေဆိုရမည်ဖြစ်ပြီး အမှတ်စဉ်(ဂ)၊ (ဃ)၊ (င)၊ (စ) လျှောက်ထားသူများသည် လူတွေ့နှုတ်ဖြေ ဖြေဆိုရမည်။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ဖြေဆိုရမည့် နေ့ရက်နှင့် နေရာတို့အား ၆-၉-၂၀၂၁ ရက်နေ့တွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့(ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးများတွင် ကြေညာပေးမည်။ ဝန်ကြီးဌာန၏ Website www.mol. gov.mm.com တွင် ဖော်ပြထားပါမည်။

၇။ အသေးစိတ် သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့များ၏ ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများနှင့် ဝန်ကြီးရုံး ၀၆၇-၃၄၃၀၁၈၁၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၃၀၄၃၈၊ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၁၇၉၀၃၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၃၀၃၉၂၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၃၀၁၄၆ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။